မြင်းကပါကျေးရွာ

မြင်းကပါ ကျေးရွာအုပ်စု

ညောင်ဦးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၄ - ၂၀၂၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြင်းကပါကျေးရွာ၊ ညောင်ဦးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ လ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	နိဒါန်း	၁
၂	ရည်မှန်းချက်	၁
၃	ရည်ရွယ်ချက်	၁
၄	မြင်းကပါကျေးရွာ၏ ပထဝီအနေအထား	၂
၅	လူမှုရေးအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်	၃ မှ ၄
၆	ရာသီခွင်ပြ ပြက္ခဒိန်နှင့်သုံးသပ်ချက်	၅ မှ ၆
၇	အဖွဲ့အစည်းချိတ်ဆက်မှုနှင့်သုံးသပ်ချက်	၇ မှ ၈
၈	ကျား/မရေးရာ ပင့်ကူအိမ်နှိုင်းယှဉ်ခြင်းနှင့်သုံးသပ်ချက်	၉ မှ ၁၀
၉	သဘာဝအရင်းအမြစ်	၁၁
၁၀	လူဦးရေဆိုင်ရာအချက်အလက်များ	၁၁
၁၁	စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၁ မှ ၁၂
၁၂	ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု	၁၂
၁၃	ကျန်းမာရေးနှင့် အာဟာရ	၁၂ မှ၁၃
၁၄	ပညာရေးနှင့် ကျွမ်းကျင်မှုများ	၁၃
၁၅	ကျား-မ ရေးရာကိစ္စဆိုင်ရာ	၁၃ မှ ၁၄
၁၆	ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု	၁၄
၁၇	သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	၁၄ မှ ၁၅
၁၈	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၁၅
၁၉	သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု	၁၅
၂၀	ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၆

၂၁	ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၆ မှ၁၇
၂၂	လူငယ်နှင့် ယဉ်ကျေးမှု	၁၇
၂၃	အခြေခံအဆောက်အအုံ(လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး)	၁၇ မှ ၁၈
၂၄	တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး	၁၉
၂၅	ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ	၁၉ မှ ၂၀
၂၆	အဟန့်အတားနှင့် စိန်ခေါ်မှု	၂၀
၂၇	ဖွံ့ဖြိုးရေးပန်းတိုင်	၂၀ မှ ၂၁
၂၈	အကောင်အထည်ဖော်မည့်နည်းဗျူဟာ	၂၁ မှ ၂၂
၂၉	စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး	၂၂
၃၀	ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့	၂၂
၃၁	ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ	၂၃
၃၂	ဦးစားပေးစီမံချက်များ	၂၃ မှ ၂၉
၃၃	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ	၃၀
၃၄	စံပြကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၏ အခန်းကဏ္ဍ	၃၀
၃၅	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းမည့်အစီအစဉ်	၃၀
၃၆	နိဂုံး	၃၀
၃၇	နောက်ဆက်တွဲ(၁)ကော်မတီဝင်များစာရင်း	၃၁
၃၈	နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၃၂ မှ ၄၈

ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာအုပ်စု၊ မြင်းကပါကျေးရွာဖွံ့ဖြိုးရေးစီမံချက်

နိဒါန်း

၁။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် မြင်းကပါကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက် များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ ဆောင်ရွက်လိုသည့် ရည်မှန်းချက်များနှင့် စီမံချက်များကို အဓိကဖော်ပြထားပါသည်။ထို့ပြင် စီမံချက် လုပ်ငန်းများကို ဦးစားပေးအလိုက် လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများ ကိုလည်း ဖော်ပြထားပါသည်။

၂။ ဤအစီအစဉ်တွင် ဦးစားပေးလုပ်ငန်းများနှစ်အလိုက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းများ၊ အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ရည်မှန်းချက်

၃။ မြို့ပြနှင့် ကျေးလက်ကွာဟမှုကျဉ်းမြောင်းလာစေရန် မျှော်မှန်း၍ လူနေမှုအဆင့်အတန်း မြင့်မားပြီး စီးပွားရေးခိုင်မာအားကောင်းလာစေရန်၊ အစိမ်းရောင်ဖွံ့ဖြိုးမှုဖြစ်စဉ်ကို အားပေးသည့် ခေတ်မီစံပြကျေးရွာ (Smart Village) များထူထောင်လာနိုင်စေရန်ဖြစ်ပါသည်။

ရည်ရွယ်ချက်

၄။ ဤခေတ်မီစံပြကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးစေခြင်းဖြင့် ကျေးလက်နေပြည်သူများမြင့်မားလာစေရန်၊ သွင်းအားစု၊ ငွေကြေး ဝန်ဆောင်မှုနှင့် နည်းပညာများပံ့ပိုးပေးခြင်းဖြင့် ကျေးလက်စီးပွားရေးမြင့်မားလာစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေရှိသောနေချင်စဖွယ်စံပြကျေးရွာများ ဖြစ်ပေါ်လာစေ ရန်၊ ကျေးရွာသူ/သားများနှင့် ကျေးရွာအသင်းအဖွဲ့များ စွမ်းဆောင်ရည်မြင့်မားလာစေခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကိုဖော်ဆောင်ရန်တို့ဖြစ်ပါသည်။

မြင်းကပါကျေးရွာ၏ပထဝီအနေအထား

၅။ မြင်းကပါကျေးရွာသည် ညောင်ဦးမြို့၏ အနောက်ဘက်(၅)မိုင်ခန့်အကွာတွင် တည်ရှိပြီး အနောက်ဘက်တွင် ဧရာဝတီမြစ်၊ မြောက်ဘက်တွင် ပုဂံမြို့သစ်တောင်ဘက်တွင် ပုဂံမြို့ဟောင်းနှင့် တောင်ဘီကျေးရွာတို့နှင့် ထိစပ်လျက်ရှိပါသည်။ရှေးဟောင်းအမွေးအနှစ်ဇုံတွင်ပါဝင်သော ကျေးရွာ ဖြစ်ပါသည်။မြင်းကပါကျေးရွာတွင် မြို့လယ်ရပ်ကွက်၊ စိန်ကုန်ရပ်ကွက်၊ မြို့မရပ်ကွက်၊ ရွှေခြံရပ်ကွက် ၊ မြို့ရှေ့ရပ်ကွက်၊ မြို့သွန်ရပ်ကွက်ဟူ၍ ရပ်ကွက်(၆)ရပ်ကွက် ရှိပါသည်။မြင်းကပါကျေးရွာသည် ညောင်ဦးမြို့နယ်အတွင်းရှိ စတုတ္ထပုဂံမြို့ နန်းတည်ခဲ့သော ပုဂံမြို့တောင်ဘက်(၁)မိုင်ခန့်အကွာတွင် တည်ရှိသည်။ 'အနုရာဓ' နှင့် ' မြင်းကပါ' ဟူသော အမည်နာမ(၂)မျိုး ဖြင့် ပထမ ပုဂံ(သရေခေတ္တရာ)မှ ယခုတိုင် တည်ရှိခဲ့ပါသည်။

၆။ ပထမပုဂံ(သရေခေတ္တရာ)မြန်မာသက္ကရာဇ် ၂၉ (ခရစ်နှစ် -၆၆၇)ခုနှစ်တွင် သုပညာနာဂရဆိန္နဓ၏ တူတော် သမုတိရာဇ်မင်းသည် ပျူရွာ(၁၉)ရွာ ထူထောင်၍ နန်းတည်ခဲ့ရာတွင် 'အနုရာဓ' ရွာအမည်ဖြင့် ရိုးရာအနုပညာ လုပ်ငန်းများ ၊အသက်မွေးဝမ်းကြောင်းပြုကာ မင်းဆက်(၄၁)ဆက်တိုင် ရပ်တည် နေထိုင်ခဲ့ပါသည်။

၇။ စတုတ္ထပုဂံခေတ် အနော်ရထားမင်း နန်းမတက်မှီ အနော်ရထားနှင့် စုက္ကတေးမင်းတို့ စီးချင်းထိုးရာမှ စုက္ကတေးမင်းသည် လှံစိုက်ဒဏ်ရာဖြင့် မြင်းပေါ်မှ ကျပြီး မြင်းလည်း မြင်းကနှင့် အတူ ထွက်ပြေးလေသည်။ မြင်းပေါ်မှာ မြင်းက(မြင်းကုန်း)ပါသေးသည်ဟု စကားအရ မြင်းကပါရွာဟု အမည်တွင်ခဲ့ပါသည်။ အနော်ရထားမင်းကြီးသည်လည်း ဤအရပ်ဤနေရာတွင် ဘုရားတည်ကာ မြင်းကပါဘုရားကြီးဟု သတ်မှတ် ခေါ်ဝေါ်ခဲ့လေသည်။

၈။ ထို့အပြင် အနော်ရထားမင်းကြီးသည် သထုံသို့ ပိဋကတ်တော်များ သွားရောက်သယ်ဆောင်ရာ အပြန်တွင် သထုံဘုရင်နှင့်အတူ လက်မှုအနုပညာရှင်များကို မြင်းကပါအရပ်တွင် အကွက်ချနေထိုင် စေသည်။သို့ဖြစ်၍ မြင်းကပါရွာသည် ယနေ့ထက်တိုင် လက်မှုအနုပညာလုပ်ငန်းများကို အဓိကထား လုပ်ကိုင်လျက်ရှိပါသည်။

၉။ မြင်းကပါကျေးရွာသည့် ပုဂံ UNESCO Property Zoneအတွင်းတည်ရှိပြီး လည်ပတ်နိုင်သည့် စေတီ/ပုထိုးများနှင့် ယွန်း၊ ပန်းချီ၊ ပန်းပွတ် လက်မှုပညာ ထုတ်ကုန်များ လေ့လာဝယ်ယူနိုင်သော ကျေးရွာဖြစ်ပါသည်။

မြင်းကပါကျေးရွာအုပ်စု

မြင်းကပါကျေးရွာ

<u>လူမှုရေး အရင်းအမြစ်ပြမြေပုံ</u>

သုံးသပ်ချက်

★ မြင်းကပါကျေးရွာ လူထုပူးပေါင်းပါဝင်၍ မြင်းကပါကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြ မြေပုံအား ရေးဆွဲကြပါသည်။

★ ကျေးရွာ၏ အခြေခံအဆောက်အဦးများ/လမ်းများ/ရေတွင်း/ရေကန် များအား ပကတိ အခြေအနေအတိုင်း ရေးဆွဲခဲ့ပါသည်။

★ လူမှုရေးအရင်းအမြစ်ပြမြေပုံကို ရေးဆွဲခြင်းအားဖြင့် မိမိတို့ ကျေးရွာ၏ ပကတိ အခြေအနေကို သိမြင်ခြင်း။

★ ကျေးရွာ၏ လိုအပ်ချက်ကို ရှင်းလင်းစွာ တွေ့မြင်နိုင်ခြင်း။

★ ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်အတွက် များစွာ အထောက်အကူပြုခြင်းတို့ကို သုံးသပ်ဆွေးနွေးခဲ့ပါသည်။

၈ (၄)

ရာသီခွင်ပြ ပြကွဒိန်

ကျေးရွာ အမည် = မြင်းကျပါ

အုပ်စု အမည် = မြင်းကျပါ

ရက်စွဲ ။ ၁၁-၉-၂၀၀၈

အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ပါဆို	ပါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု အခြေအနေ												
ရေလွှာ၊ ပျော်ခြင်း												
ခြေမဲရိုက်ခြင်း												
ခြေမဲမော်ခြင်း												
ဝင်ငွေကျခြင်း												
အလုပ်အကိုင် လွှာ၊ ပျော်ခြင်း												
အနှံထော်ခြင်း												
အလွှာ၊ ခွဲတောင်ခြင်း												

မြင်းကပါကျေးရွာအုပ်စု

မြင်းကပါကျေးရွာ

ရာသီခွင်ပြ ပြကွဒိန်

သုံးသပ်ချက်

မြင်းကပါကျေးရွာ အတွင်းရှိ စိုက်ပျိုးချိန်/ပွဲတော်များ/သောက်သုံးရေ ရရှိမှု /ဝင်ငွေ/ကျန်းမာရေး အစရှိသဖြင့် အချိန်များအား ကျေးရွာလူထုအား မေးမြန်းခဲ့ပါသည်။

ဤကဲ့သို့ ကျေးရွာအတွင်းရှိ ရာသီခွင်များတွင် အသုံချမှုများ ကြုံတွေ့ရမှုများအား သုံးသပ်၍ စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော်ရန် အသင့်တော်ဆုံးအချိန်ကို သိရှိစေမည် ဖြစ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

ကြည်းကပါဝေ့ကျော်ကြားဂုဏ်ရည်

ဖြင်းကပါဝေ့ကျော်

ဟန်ဖြူဒေသသို့ခရီးတစ်ကြိမ်ပြုခဲ့ကာ ဖတ်ရှုခံစားချက်

မြင်းကပါကျေးရွာအုပ်စု

မြင်းကပါကျေးရွာ

<u>အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ</u>

သုံးသပ်ချက်

- ★ ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အဓိက ဦးဆောင် လုပ်ကိုင်သည်။
- ★ စထာပနာ၊မြကျွန်းသာ၊Hana၊ LOLC၊မြစိမ်းရောင်ကျေးရွာစီမံကိန်း၊RBF စီမံကိန်း နှင့် သမချေးငွေတို့မှာ အမျိုးသမီးအဖွဲ့များ ပါဝင်ဦးဆောင်ကြပြီး၊ SMART Villageစီမံကိန်းနှင့် VDPစီမံကိန်းများမှာ အမျိုးသားများက ဦးဆောင်လုပ်ကိုင်သည်။
- ★ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ရဲစခန်း၊ ပညာရေးမှူးရုံး၊ ကျေးလက်ဦးစီးမှူးရုံးစသည့် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်သည်။

၈ (၅) ကျား ၊ မ ရေးရာပဉ်ကူအဓိပ္ပါယ် နှိုင်းယှဉ်ခြင်း

ကျားများ - မြင်းကပါ

အစ်ိုးသား ———

အစ်ိုးသမီး ———

အုပ်စု - မြင်းကပါ

ရက်စွဲ
၁၁ . ၉ . ၂၀၁၈



မြင်းကပါကျေးရွာအုပ်စု

မြင်းကပါကျေးရွာ

ကျား-မရေးရာ ပင့်ကူအိမ်နှိုင်းယှဉ်ခြင်း

သုံးသပ်ချက်

★ အလုပ်အကိုင် ဆုံးဖြတ်ပိုင်ခွင့်/ခေါင်းဆောင်မှု/ပညာတတ်မှုတို့တွင် အမျိုးသမီးများ၏ ပါဝင်ခွင့် အားနည်းသည်။အမျိုးသားများ၏ ပါဝင်ဆုံးဖြတ်ခြင်းသည် အများဆုံးဖြစ်ပြီး အမျိုးသမီးများမှာ အားနည်းသည်။အိမ်တွင်းမှုကဏ္ဍတွင်သာ အများဆုံးရှိနေတတ်သည်။

★ အမျိုးသမီးများသည် စီးပွားရေးနှင့် လုပ်ငန်းခွင် ကဏ္ဍတို့တွင် နည်းနေပြီး အိမ်ထဲတွင်ရှိသော အလုပ်ကိုသာ လုပ်ကိုင်လျက်ရှိသည်။ပူးပေါင်းပါဝင်မှုတွင် အမျိုးသားများထက် အားနည်းပါသည်။

★ ကျေးရွာတွင်းတွင် အမျိုးသမီးသီးသန့် အသိပညာပေး ဆွေးနွေးပွဲများ လုပ်ပိုင်ခွင့်နှင့် လုပ်အားခများ တန်းတူပေးခြင်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအား လက်တွဲခေါ်ဆောင်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကူညီနိုင်သည်။

သဘာဝအရင်းအမြစ်

၁၀။ နှစ်စဉ်မိုးရေချိန် (၃)လက်မ ခန့်ရရှိသည်။ နွားစားဆေးဖက်ဝင် အဖြစ် မြေပဲရိုး၊ ပြောင်းရိုး အတောဘအသင့်ရှိပြီး နွယ်ချို၊ မြင်းခွာ၊ ရှားစောင်းလက်ပက်အပင်နှင့် ဆင်တုံးမန္တယ်အပင် စသည့် ဆေးဘက်ဝင် အပင်များ ပေါက်ရောက်သည်။

လူဦးရေဆိုင်ရာအချက်အလက်များ

၁၁။ အိမ်ထောင်စုပေါင်း (၁၃၃၃) စုနှင့် ကျား(၂၂၉၃)၊ မ(၂၉၇၀)ဦးဖြင့် လူဦးရေပေါင်း (၅၂၆၃)ဦး ခန့်ရှိပါသည်။ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၅၂.၈%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်ပါသည်။

စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

၁၂။ မြင်းကပါကျေးရွာ၏ အဓိကစီးပွားရေးအနေဖြင့် ယွန်းပစ္စည်းများ ထုတ်လုပ် ရောင်းချခြင်း၊ ရှေးပုဂံနံရံပန်းချီများကို ပိတ်ပန်းချီရေးဆွဲရောင်းချခြင်း၊ လက်ပန်းချီ ရေးဆွဲခြင်း၊ ခရီးသွား ဧည့်လမ်းညွှန်၊ ပုဂံအမှတ်တရပစ္စည်းများရောင်းခြင်းနှင့် တောင်သူ အနည်းငယ်လုပ်ကိုင်ကြပါသည်။ ခရီးသွားဧည့်သည်များအား အဓိကမှီခိုရှု စီးပွားရေးဆောင်ရွက်သောကျေးရွာဖြစ်ပါသည်။ယွန်းထည်လုပ်ငန်းအား လူတန်းစားအလွှာမျိုးစုံမှ လုပ်ကိုင်လျှက်ရှိပြီး အကြမ်းထည်လုပ်ငန်းအတွက် ကုန်ကြမ်းရှားပါးမှုနှင့် အချောထည်လုပ်ငန်းအတွက် ဈေးကွက်ချိတ်ဆက်နိုင်ရန် လိုအပ်လျက်ရှိပါသည်။ကုန်ကြမ်းပစ္စည်းများ ဖြစ်သည့် (သစ်စေးနှင့်ဝါး)များမှာ အခြားဒေသမှ ဝယ်ယူရသည့်အတွက် ယခုချိန်တွင် လမ်းပန်း ဆက်သွယ်ရေးအရ ကုန်ကြမ်း(ဥ ပမာ-ယွန်းထည်ပြုလုပ်နိုင်သည့် တင်းဝါး/မယ်တင်ခဝါး)နှင့် အချောထည်လုပ်ငန်းအတွက် သစ်စေး ဝယ်ယူမှုခက်ခဲနေပါသည်။ကုန်ပစ္စည်းများအား အများအားဖြင့် ပြည်ပဈေးသည်(နိုင်ငံခြားသား)များမှသာ ဝယ်ယူလေ့ရှိပြီး ယခုအချိန်တွင် ပြည်ပဈေးသည်လာရောက်မှု မရှိသလောက်နည်းပါးခြင်းနှင့်ပြည်တွင်းဈေးသည်များမှလည်း ဈေးနှုန်းကြီးမားခြင်းကြောင့် ဝယ်ယူမှု နည်းပါးလျက်ရှိပြီး ဈေးကွက်ချဲ့ထွင် ချိတ်ဆက်ရန် လိုအပ်လျက်ရှိပါသည်။

တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့် ပြေလည်ပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အဆင်ပြေသော အိမ်ထောင်စု(၂၄)အိမ် ၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၂၄၂)အိမ်၊ မပြေလည်သော အိမ်ထောင်စု(၉၇၈)အိမ်ရှိပြီး အလွန်မပြေလည်သော အိမ်ထောင်စု(၈၉)အိမ်

တွေ့ရပါသည်။ ကျေးရွာတွင် အဓိကယွန်းထည်လုပ်ငန်းမှာ ရိုးရာလုပ်ငန်းဖြစ်ပြီး နည်းပညာများ တိုးတက်ကောင်းမွန်လာသောကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့် ကောင်းမွန်သည်ဟုဆိုနိုင်ပါသည်။ မိသားစုဝင် နိုင်ငံခြားသို့သွားရောက်အလုပ်လုပ်ကိုင်သော အိမ်ထောင်စု၊ ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြပါ သည်။

၁၃။ ယင်းတို့အနက် ကျေးရွာတွင် မပြေလည်သော အိမ်ထောင်စုများမှာ မြေယာမဲ့၊ကျပန်းများ၊ ဆင်းရဲသား တောင်သူများနှင့် တောင်သူငယ်များ ဖြစ်သည်ကို တွေ့ရသည်။

ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

၁၄။ ကျေးရွာတွင် ယွန်းထည်လုပ်ငန်းအားအခြားအိမ်တွင်နေ့စားလုပ်ကိုင်ခြင်း၊ မြေယာမဲ့အိမ်ထောင်စုများရှိသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ကျပန်းလုပ်ကိုင်ခြင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၈၀%)ဖြစ်သော အိမ်ထောင်စု (၁၀၆၇)စုကို လေ့လာဆန်းစစ်မှုအရ(၃)လမှ(၆)လခန့် ဝမ်းစာဖူလုံ မှုရှိပြီး ကျန်ကာလများတွင် အသိမိတ်ဆွေနှင့် ဆွေမျိုးများထံမှ ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းတို့ဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြကြောင်း တွေ့ရှိရသည်။

၁၅။ အိမ်ထောင်စုအားလုံး၏ (၂၃%)ခန့်သည် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ ဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှ(၉၀%)သည် မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပြီး(၁၀%) မှာ အလွန်မပြေလည်သော အိမ်ထောင်စုများဖြစ်ပြီး မိသားစုဦးရေ များပြားကြသည်။ ၎င်းအိမ်ထောင်စုများသည် ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။

၁၆။ ကျေးရွာတွင် အခြားထိခိုက်လွယ်သော၊ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုအခြေအနေများ မရှိကြောင်းသိရှိရပါသည်။

ကျန်းမာရေးနှင့် အာဟာရ

၁၇။ ကျေးရွာတွင် ရွာသူရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရ ပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားမှုရှိကြောင်းတွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း

တို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသူ/သား များအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်း၌ပင် ရရှိနိုင်ကြပြီး ကျေးရွာမှ (၅)မိုင်ခန့်ဝေးသော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များရှိရာသို့ ကတ္တရာလမ်းဖြင့် ကား၊ဆိုင်ကယ်၊ သုံးဘီးများ အသုံးပြုပြီး အလွယ်တကူ သွားရောက်နိုင်ပါသည်။

၁၈။ ကျေးရွာတွင် လက်တူးတွင်း(၂)တွင်း၊တွင်းတိမ်(၅၇၅)တွင်း ရှိပြီးမြေအောက်ရေကို အလွယ်တကူ ရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှောစသော ရောဂါများ ဖြစ်ပွားလေ့ရှိပြီး အခြားရောဂါများ ဖြစ်ပွားမှုများ နည်းပါးကြောင်း တွေ့ရသည်။

ပညာရေးနှင့် ကျွမ်းကျင်မှုများ

၁၉။ ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသူ/သားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရ အရေအတွက် အသင့်အတင့်များပြားသည်။ကျေးရွာတွင် အထက်တန်းကျောင်းခွဲဖြစ်ပြီး ကျေးရွာတွင်သာ အလွယ်တကူ သင်ကြားရပါသည်။အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုအနေဖြင့် ရိုးရာလက်မှုပညာ ဖြစ်သည့် ယွန်းထည်လုပ်ငန်းအား တက်မြောက်ကျပြီး ခေတ်မီ နည်းပညာများ ပေးအပ်ရန်လိုအပ်နေပြီး လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ အသင့်အတင့်ကောင်းမွန်ပါသည်။

ကျား-မ ရေးရာကိစ္စဆိုင်ရာ

၂၀။ ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိပြီး အမျိုးသမီးပါဝင်မှုအားနည်းပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများ ဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်းစသောကိစ္စများဆောင်ရွက်သည်။ ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းဖြစ်သည့် ယွန်းထည်လုပ်ငန်းများတွင် အမျိုးသားများကယွန်းဆင်ခြင်း၊ သစ်စေး ကိုင်ခြင်း၊ ပွတ်လုံးထိုးခြင်း၊အကြမ်းထည်၊အနက်ထည်များဆောင်ရွက်ပြီးအမျိုးသမီးများက ယွန်းထိုးခြင်း၊ အကြမ်းထည်နှင့်အနက်ထည်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ယွန်းထည်လုပ်ငန်းခွင်တွင် အမျိုးသား များသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြသည်။ လယ်ယာလုပ်ငန်းခွင်နှင့်အခြားလုပ်ငန်း များတွင်လည် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြသည်။

ဘာသာရေးအထိမ်းအမှတ်ရိုးရာ ယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများ၊ဘုရားပွဲတော်များ ကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြသည်။

၂၁။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမ တန်းတူ အခွင့်အရေးရှိပါသည်။

ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

၂၂။ ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သောသာရေးနာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ အမျိုးသမီး/သားလူငယ်အဖွဲ့၊ လူမှုရေးအဖွဲ့၊ ကျောင်းကော်မတီ၊ မီးကော်မတီ၊ လူမှုရေးအဖွဲ့တို့ဖြစ်သည်။ ကျေးရွာတွင် သာရေးနာရေးလူမှုရေးကိစ္စကြီးငယ် ပေါ်ပေါက် လျှင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ ပြင်ပမှ အသေးစားချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ၏ ဦးဆောင်မှု ဖြင့်ဖွဲ့စည်းထားသောကျေးရွာအဖွဲ့အချို့ရှိသော်လည်း သက်ဆိုင်ရာစီမံချက်လုပ်ငန်း အကောင် အထည်ဖော်ရုံသဘောမျှသာ ဖွဲ့စည်းထားသည့်ပုံစံ ဖြစ်ပါသည်။ခြုံငုံ၍ သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများ၊ ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကိစ္စများကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့ အစည်းစနစ် မှာအားနည်းပါသည်။

သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

၂၃။ ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ ယွန်းထည်လုပ်ငန်းနှင့်အခြားဝင်ငွေရလုပ်ငန်းများ ဖြစ်ပါ သည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ မြေပဲ၊နှမ်း၊ပဲစိမ်းငုံ၊ ပဲတီစိမ်း၊ပြောင်းနှင့် ဟင်းသီးဟင်းရွက်စသည်တို့အတွက် ကျေးရွာ၏ရာသီအလိုက်စိုက်ပျိုးသောသီးနှံများဖြစ်ပြီး ဈေးကွက် တင်ပို့ရောင်းချရာတွင် လယ်သမားများ အကျိုးအမြတ်ရရှိမှု အသင့်အတင့်ရရှိပါသည်။ သို့သော် ဈေးကွက် မတည်မငြိမ်မှုများလည်း ရှိပါသည်။သီးနှံထုတ်ကုန်များအတွက် ဈေးကွက်အချိတ်အဆက်နှင့် ရောင်းချရေး ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုက စွမ်းဆောင်နိုင်ခြင်းမရှိပါ။

၂၄။ ကျေးရွာတွင်ဝက်နှင့်နွားကို သာ အနည်းငယ်မွေးမြူကြောင်း တွေ့ရပါသည်။ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်မှုနည်းပါးသည်ကို တွေ့ရပါသည်။မြို့နယ်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရှိ ပါသည်။

မိသားစုအပိုဝင်ငွေရရှိရန် သို့မဟုတ် တစ်နိုင်တစ်ပိုင်စီးပွားရေးအဖြစ် မွေးမြူရေးလုပ်ငန်းကို တိုးချဲ့မွေးမြူသင့်ပါသည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးအတွက် အခြေခံ မွေးမြူရေးပညာများလိုအပ်ပြီး၊ကျေးရွာတွင် မွေးမြူရေး လုပ်သားများရှိပါက ကျေးရွာအတွင်း ကုသ ကာကွယ်ရေး လက်လှမ်းမီ လာနိုင်ပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

၂၅။ ကျေးရွာတွင် စိုက်/မွေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းမှာ ကျေးရွာ၏ အဓိကစီးပွားဖြစ်လုပ်ငန်းအဖြစ် ယွန်းထည်လုပ်ငန်း ဖြစ်ပါသည်။ ဆောက်လုပ်ရေး/ပန်းရံလုပ်ငန်း၊ လက်လီလက်ကား အရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျေးရွာအခြေပြု ထုတ်ကုန်လုပ်ငန်းအဖြစ် ယွန်းထည်ပစ္စည်းများမှာ အဆင့်အတန်းဝင် ပစ္စည်းအမျိုးအစားဖြစ်ပါသည်။။ အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အား အသင့်တင့်ရှိသည်ကိုတွေ့ရပါသည်။ လုပ်ငန်းလည်ပတ်ရန် အရင်းအနှီးငွေကြေး၊ လုပ်ငန်းနှင့်ပတ်သက်သော ခေတ်မီနည်းပညာများသည် အခက်အခဲများ ဖြစ်ပါသည်။

၂၆။ ထို့ကြောင့် ကျေးရွာအခြေပြု အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ချေးငွေ အစီအစဉ်များ၊ ဈေးကွက်၊ နည်းပညာချိတ်ဆက်မှုများနှင့်အတူ အခြေခံအဆောက်အဦ ကဏ္ဍများပါ ဖွံ့ဖြိုးရန် လိုအပ်ပါမည်။

သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

၂၇။ ကျေးရွာမှယာမြေများသည် နှစ်စဉ် မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်စုံ နှင့် အခြားသီးနှံကို သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒကွန်ပေါင်းမြေဩဇာများ အသုံးပြုခြင်း၊ သဘာဝသစ်ဆွေးမြေဩဇာများ နှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့် မြေဆီလွှာပျက်ယွင်းခြင်းနှင့် ပိုးသတ်ဆေးများအသုံးပြု ရသောကြောင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ် လျော့ပါးရေးအတွက်၊ ဘေးကင်းလုံခြုံမှုရှိရန်လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတွင် အားနည်းသေးကြောင်း တွေ့ရှိရပါသည်။ရာသီဥတုမမှန်သောကြောင့် သီးနှံ စိုက်ပျိုးရန် ယာမြေများတွင် အခက်အခဲအနည်းငယ်ကြုံတွေ့ရပါသည်။

၂၈။ မြေပြန့်ဒေသဖြစ်ခြင်းကြောင့် တခြားဒေသများတွင် မုန်တိုင်းဘေးအန္တရာယ်တွေ့ကြုံရပါက မိုးရွာသွန်းမှုများ ဖြစ်ပေါ်စေပါသည်။အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတရံ ကြုံတွေ့ရတတ်သည်။

ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၂၉။ ငွေကြေးဝန်ဆောင်မှုအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း(ယွန်းထည်လုပ်ငန်း အတွက် လိုအပ်သောချေးငွေကိုအုပ်စုဖွဲ့အသင်းများဖြင့် ဆောင်ရွက်တတ်စေရန် ၂၀၂၄-၂၀၂၅ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း ရန်ပုံငွေဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့ (၄)ဖွဲ့အား(၁)ဖွဲ့လျှင်(၇၅)သိန်းနှုန်းဖြင့် စုစုပေါင်း သိန်း(၃၀၀)အား ချထားဆောင်ရွက်ထားပါသည်။ ထို့အပြင် စိုက်ပျိုးရေး၊မွေးမြူရေး ၊အရောင်းအဝယ်ကိစ္စများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အတွက် ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အား ကျေးလက်ဦးစီးဌာနမှ ချထားဆောင်ရွက် ထားပါသည်။

၃၀။ ကျေးရွာသားအများစုသည် ချေးငွေကို အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ စိုက်ပျိုးရေး ၊မွေးမြူရေး နှင့် အရောင်းအဝယ်ကိစ္စများအတွက် ပြင်ပချေးငွေများလည်း ချေးယူကြပြီး ကျေးရွာတွင် ချေးငွေ လိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။

ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

၃၁။ ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသူ/သား အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ် ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။ကျေးရွာတွင် အခြေခံပညာ အထက်တန်းကျောင်းခွဲရှိပြီး ကျေးရွာတွင်သာ ပညာသင်ကြားရသည်။ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုမှာ ယွန်းထည်လုပ်ငန်း အား မိရိုးဖလာလုပ်ကိုင်လာသည့် ရိုးရာလုပ်ငန်းဖြစ်သည့်အတွက် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာတက်မြောက်ပြီးဖြစ်သော်လည်း ရိုးရာအား ခေတ်မီနည်းပညာနှင့်ဆောင်ရွက်နိုင်စေရန် ယခုအခါ ကျေးလက်ဦးစီးဌာနမှ ယွန်းပညာကောလိပ်နှင့်ပူးပေါင်း၍ ခေတ်မီနည်းပညာ အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပေးလျက်ရှိပြီး ကျေးရွာသူ/သားများအား ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိပါသည်။

၃၂။ ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ ဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတတ်သည်။သွေးတိုး၊ ဆီးချိုရောဂါနှင့် လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေး ရောဂါ ကူးစက်ခံရလေ့ရှိသည်။မိသားစုများဝမ်းစာအတွက်နေ့စဉ်ဝင်ငွေအသင့်အတင့်ရှိသောကြောင့် ကျေးရွာ အိမ်ထောင်စုဝင်များ ကလေးသူငယ်များအပါအဝင် ယေဘုယျအားဖြင့် အာဟာရဓာတ်ချို့တဲ့မှု မရှိကြပါ။

အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာကျေးလက်ဆေးခန်းမှ ရရှိကြသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ် ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေး ဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

၃၃။ ကျေးရွာတွင် လက်တူးတွင်း(၂)တွင်း၊ တွင်းတိမ်(၅၇၅)တွင်းရှိပြီး သောက်ရေအတွက် အဆင်ပြေသောမိသားစုမှ ရေသန့် သောက်သုံးကြပြီး အချို့မိသားစုများမှာ ကျေးရွာပိုင် အဝိစိတွင်း(၁)မှ ရေချိုတွင်းမှသောက်သုံးကြရပါသည်။ရေအသုံးပြုရန် အသင့်အတင့်ကောင်းမွန်ပြီး၊ နွေ၊ မိုး၊ ဆောင်း လုံလောက်မှုရှိပါသည်။ သောက်သုံးရေ ပြဿနာမရှိပါ။ ယင်လုံအိမ်သာကို အိမ်ထောင်စုအားလုံး အသုံးပြုကြပြီးသန့်ရှင်းမှု လည်းအသင့်အတင့်ရှိပါသည်။အခြေခံကျန်းမာရေးဗဟုသုတများ ကျေးလက် ဆေးခန်းမှ မကြာခဏ ဟောပြောပွဲများ ပြုလုပ်ပေးကြပါသည်။

လူငယ်နှင့် ယဉ်ကျေးမှု

၃၄။ လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပေ။ လူငယ်များ သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော် များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်လုပ်ဆောင်ကြကြောင်း တွေ့ရ ပါသည်။

အခြေခံအဆောက်အအုံ (လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး)

၃၅။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးရေးရန်ပုံငွေစီမံကိန်းဖြင့် အရှည် (၁၀၀'x၁'x၃'/၇'-၃"/၉') ရှိသော ကျောက်ရိုးစီမြေထိန်းနံရံ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေစီမံကိန်းဖြင့် အုတ်ရေမြောင်း(၄၅၀'x၂'x၂'-၆")နှင့်Slab Culvert (၃၀'x၄'-၆"x၃') တည်ဆောက် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။ရေလမ်းခရီး အသုံးပြုမှု မရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်၊ စက်ဘီး ၊ ထော်လာကျီ ၊ သုံးဘီးဆိုင် ကယ်နှင့် မော်တော်ကားတို့ကို အသုံးပြုလျက်ရှိကြသည်။

၃၆။ ကျေးရွာတွင် မိုဘိုင်းလ်ဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြု

နိုင်သည်။ကျေးရွာသူ/သားများသည် သတင်းစာ၊ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

၃၇။ မြင်းကပါကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်းဖြင့်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	**ဘဏ္ဍာရေးနှစ်**	**ဆောင်ရွက်သည့် စီမံကိန်း**	**လုပ်ငန်းအမျိုးအစား**	**အတိုင်းအတာ**	**ငွေပမာဏ**
(က)	၂၀၁၅-၂၀၁၆	CDD	စက်ရေတွင်းသစ်တူးဖော်ခြင်း	Ø" ၂)PVC ၁၃၅')	၀၆၈၅၄၀၀.
		CDD	အိမ်သာဆောက်လုပ် ခြင်း	၁၀)'x၄'-၉"x၈')	၃၄၀၀၂၃၀.
		CDD	ဆေးပေးခန်းခြံစည်းရိုး ပြုပြင်ခြင်း	'၂၀၂)x၅')	၃၈၂၈၀၅၀.
(ခ)	၂၀၁၆-၂၀၁၇	CDD	ကျေးရွာတွင်းကျောက်ချော လမ်းခင်းခြင်း	၁၅၀၀)'x၁၂'x၉")	၁၂၉၀၀၀၉၀.
		CDD	ကျေးရွာအဝင်ကျောက်ချော လမ်းခင်းခြင်း	၄၀၀၀)'x၁၂'x၉")	၃၁၈၅၆၈၅၀.
(ဂ)	၂၀၁၇-၂၀၁၈	CDD	ကျေးရွာတွင်းကျောက်ချော လမ်းခင်းခြင်း	၂၆၅၀)'x၁၂'x၉")	၂၅၁၉၅၅၀.
		CDD	ရွာအဝင်ကျောက်ချောလမ်း ခင်းခြင်း	၃၀၀၀)'x၁၂'x၉")	၁၇၆၂၇၅၀.
		CDD	လက်တူးတွင်းကျယ်ပြုပြင်ခြင်း	၁၂)'x၁၂'x၁၂')	၂၁၇၉၂၂၅.
		CDD	လက်တူးတွင်းကျယ်ပြုပြင်ခြင်း	၁၀)'x၁၀'x၁၂')	
		CDD	မီးကြိုး မီးတိုင်းတိုးချဲ့/ သွယ်တန်းခြင်း	(၂၄၀၂၀', ၄၀ တိုင်)	၂၇၀၂၈၅.
(ဃ)	၂၀၁၈-၂၀၁၉	CDD	ကျေးရွာတွင်းကျောက်ချော လမ်းခင်းခြင်း	၂၂၄၀)'x၁၂'x၉")	၂၅၃၄၉၇၉.
		CDD	ကျေးရွာအဝင်ကျောက်ချော လမ်းခင်းခြင်း	၃၇၈၀)'x၁၂'x၉")	၃၁၀၇၉၂၇၅.

တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၃၈။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ရွာသားများသည် မိုဘိုင်းလ်တယ်လီဖုန်း ဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ကျေးရွာသူ/သားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်ဆောင်ရွက်နိုင်မှုရှိသောကြောင့် ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

၃၉။ ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓာတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းအသုံးပြုမှုသက်သာသည့်လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ကြခြင်း၊ ကျောင်းသား/သူများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက်အကူပြုနေသည်။

၄၀။ လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ (၆၈%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသူ/သားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက် လည်းညောင်ဦးမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးဝါးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသော အဆင့်တွင်ရှိနေပါသည်။

၄၁။ သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။ ကျေးရွာသည် မြို့နှင့် (၅)မိုင်ခန့်အတွင်း တည်ရှိခြင်းကြောင့် သဘာဝမြေ ဆွေးနှင့်ဓာတ်မြေဩဇာများ အလွယ်တကူဝယ်ယူရရှိနိုင်ပြီး မြေဆီဩဇာလည်း အသင့်အတင့် ကောင်းမွန်သောကြောင့် သီးနှံအထွက်နှုန်း အသင့်အတင့်ရှိပါသည်။ရာသီဥတုအခြေအနေမှာ မိုးရွာသွန်မှုနည်းပါးသဖြင့် တောင်သူများ ထိခိုက်သက်ရောက်မှုအနည်းငယ်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး

ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီ တင်ပို့ရောင်းချနိုင်သည်။

၄၂။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းလ်ဖုန်းဆက်သွယ်ရေးကို ဈေးကွက် နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။

အဟန့်အတားနှင့် စိန်ခေါ်မှု

၄၃။ မြင်းကပါကျေးရွာ၏ အဓိကစီးပွားရေးအနေဖြင့် ယွန်းပစ္စည်းများ ထုတ်လုပ် ရောင်းချခြင်း၊ ရှေးပုဂံနံရံပန်းချီများကို ပိတ်ပန်းချီရေးဆွဲရောင်းချခြင်း၊ လက်ပန်းချီ ရေးဆွဲခြင်း၊ ခရီးသွား ဧည့်လမ်းညွှန်၊ ပုဂံအမှတ်တရပစ္စည်းများရောင်းခြင်းနှင့် တောင်သူ အနည်းငယ်လုပ်ကိုင်ကြပါသည်။ ခရီးသွားဧည့်သည်များအား အဓိကမှီခိုရှု စီးပွားရေးဆောင်ရွက်သောကျေးရွာဖြစ်ပါသည်။ယွန်းထည်လုပ်ငန်းအား လူတန်းစားအလွှာမျိုးစုံမှ လုပ်ကိုင်လျှက်ရှိပြီး အကြမ်းထည်လုပ်ငန်းအတွက် ကုန်ကြမ်းရှားပါးမှုနှင့် အချောထည်လုပ်ငန်းအတွက် ဈေးကွက်ချိတ်ဆက်နိုင်ရန် လိုအပ်လျက်ရှိပါသည်။ကုန်ကြမ်းပစ္စည်းများဖြစ်သည့် (သစ်စေးနှင့်ဝါး)များမှာ အခြားဒေသမှ ဝယ်ယူရသည့်အတွက် ယခုချိန်တွင် လမ်းပန်းဆက်သွယ်ရေးအရ ကုန်ကြမ်း(ဥ ပမာ-ယွန်းထည်ပြုလုပ်နိုင်သည့် တင်းဝါး/မယ်တင်ခဝါး)နှင့် အချောထည်လုပ်ငန်းအတွက် သစ်စေး ဝယ်ယူမှုခက်ခဲနေပါသည်။ကုန်ပစ္စည်းများအား အများအားဖြင့် ပြည်ပဧည့်သည်(နိုင်ငံခြားသား)များမှသာ ဝယ်ယူလေ့ရှိပြီး ယခုအချိန်တွင် ပြည်ပဧည့်သည်လာရောက်မှုမရှိသလောက်နည်းပါးခြင်းနှင့်ပြည်တွင်းဧည့်သည်များမှလည်း ဈေးနှုန်းကြီးမားခြင်းကြောင့် ဝယ်ယူမှုနည်းပါးလျက်ရှိပြီး ဈေးကွက်ချဲ့ထွင် ချိတ်ဆက်ရန် လိုအပ်လျက်ရှိပါသည်။

၄၄။ ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းဖြစ်သည့် ယွန်းထည်လုပ်ငန်းမှာ အရောင်းအဝယ်နည်းပါးသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန် ရရှိရေးအတွက် ဈေးကွက်ချဲ့ထွင် ချိတ်ဆက်ရန် လိုအပ်လျက်ရှိပါသည်။

ဖွံ့ဖြိုးရေးပန်းတိုင်

၄၅။ မြင်းကပါကျေးရွာတွင် အချိန်ကာလအားဖြင့် (၅)နှစ်တာကာလအတွင်း ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(က) ကျေးရွာလူထုအတွက် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ အသက်မွေးမှုပညာသင်တန်းများရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်ရရှိစေမည်။

(ခ) ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(ဂ) ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတစ်ဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရား တိုးတက်လာရမည်။

အကောင်အထည်ဖော်မည့်နည်းဗျူဟာ

၄၆။ အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေး တို့ကို ဆောင်ရွက်ပြီး ယွန်းထည်လုပ်ငန်းနှင့်ဆက်စပ်သည့်လုပ်ငန်းကို တိုးချဲ့ဆောင်ရွက် သွားမည်။အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက်မြို့နယ်ရှိ ဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာအခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါ က ယွန်းထည်လုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် ယွန်းထည်လုပ်ငန်းနှင့်ဆက်စပ်သည့်လုပ်ငန်းများ နည်းပညာ ထွန်းကား လာရေးအတွက် ယွန်းနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာန များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ရောက်ပြီးသူများက ရရှိထားသော နည်းပညာများကို ကျေးရွာတွင် ပြန်လည် မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင် လုပ်ငန်းများတွင် အသုံးချ ကာ ထုတ်လုပ်မှု တိုးတက်စေမည်။

(ခ) စက်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း ၊ဝိုင်ထုတ်လုပ်နည်း၊ သံဂေဟဆက်၊ စက်ပြင်၊လျှပ်စစ်သွယ်တန်းနည်း၊ မော်တော် ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းလ် ဖုန်းပြင် စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးပါမည်။ အဆိုပါသင်တန်းများသည် သင်တန်းသားများ

အတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ဂ) ကျေးရွာတွင် လူနေမှုအဆင့်မြင့်မားစေရန် ကျေးရွာလမ်းများအဆင့်မြှင့်တင်ခြင်းနှင့် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

၄၇။ ကျေးရွာတွင် မြေပဲ၊နှမ်း၊ပဲတီစိမ်း၊ပဲစင်ငုံ၊ပြောင်းနှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးကြပြီး ကျေးရွာအိမ်ထောင်စု၏(၂%)သာ စိုက်ပျိုးကြပါသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိက ပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုး ထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေး လိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကို ရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခို အားထားမှု ပိုများသည်။ သီးနှံဖျက်ပိုးများသည်ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြကာတောင်သူများအတွက် သီးနှံပျက်စီး မှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ ဆောင်ရွက်သင့်ပါသည်။ သဘာဝမြေဆီမြေဩဇာပြုလုပ်နည်း နည်းပညာများရရှိရန်လည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

၄၈။ ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာ ရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းနေဆဲဖြစ်ပါသည်။

ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

၄၉။ စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ်သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက် များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

ဦးစားပေးစီမံချက်များ

၅၀။ စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်း အဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ် အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကာလ(၂၀၂၄-၂၀၂၅ မှ ၂၀၂၈-၂၀၂၉ခု ဘဏ္ဍာရေးနှစ်)အတွင်း ဆောင်ရွက်မည့် ဦးစားပေးစီမံချက်များ

စဉ်	လုပ်ငန်းအမည်	အတိုင်းအတာ	ခန့်မှန်းကုန်ကျငွေ (ကျပ်သန်း)	ဆောင်ရွက်မည့် ဘဏ္ဍာရေးနှစ်	မှတ်ချက်
၁	**အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကဏ္ဍ**				
၁	လမ်းမ(၁) အဆင့်မြှင့်တင်ခြင်း မနူဟာဘုရား ရှေ့အဝင်ပေါက်မှ လမ်းသွယ်(၄)အဆုံးအထိ (ငွေစေတီဘုရားရှေ့ယာဉ်ရှောင်/ရပ်ကွင်းအပါ)	ကျောက်ရောမြေ	၁၉.၈၈၀၀	၂၀၂၄-၂၀၂၅	
		ကျောက်ရောမြေ		၂၀၂၄-၂၀၂၅	
၂	လမ်းမ(၁)လမ်းဘေးအုတ်ရေမြောင်း နှင့် အုတ်ဘောင်စီခြင်း	အုတ်ရေမြောင်း	၅၇.၃၈၃၀	၂၀၂၄-၂၀၂၅	
		အုတ်ဘောင်		၂၀၂၄-၂၀၂၅	
၃	လမ်းမ(၁) Culvert (၅)စင်း	Slab Culvert	၅.၅၉၀၀	၂၀၂၄-၂၀၂၅	
			၁၂.၁၈၀၀	၂၀၂၄-၂၀၂၅	
			၄.၃၇၀၀	၂၀၂၄-၂၀၂၅	
၄	လမ်းမ(၁)လမ်းဖြတ်ရေမြောင်းဖုံး (၈)နေရာအတွက်	RCC Slab	၆.၀၀၆၀	၂၀၂၄-၂၀၂၅	
၅	လမ်းသွယ်(၄) အဆင့်မြှင့်တင်ခြင်း	ကျောက်ရောမြေ	၇.၈၉၈၀	၂၀၂၄-၂၀၂၅	
၆	လမ်းသွယ်(၄) ဘေးအုတ်ရေမြောင်း	အုတ်ရေမြောင်း	၃၇.၀၅၀၀	၂၀၂၄-၂၀၂၅	
၇	လမ်းသွယ်(၄) Culvert (၄)စင်း	Slab Culvert	၁၄.၁၆၀၀	၂၀၂၄-၂၀၂၅	
၈	လမ်းသွယ်(၄) လမ်းဖြတ်ရေမြောင်းဖုံး (၆) နေရာအတွက်	RCC Slab	၇.၃၀၈၀	၂၀၂၄-၂၀၂၅	
၉	လမ်းမ(၂) အဆင့်မြှင့်တင်ခြင်း	ကျောက်ရောမြေ	၂၀.၅၃၄၀	၂၀၂၄-၂၀၂၅	

၁၈	လမ်းမ(၂)လမ်းဘေးအုတ်ရေမြောင်း	အုတ်ရေမြောင်း	၃၇.၁၈၁၈	၂၀၂၄-၂၀၂၅	
၁၁	လမ်းမ(၂)လမ်းဘေးရေထုတ်မြောင်း	အုတ်ရေမြောင်း	၁၁.၀၀၀၀	၂၀၂၄-၂၀၂၅	
၁၂	လမ်းမ(၂) Culvert (၁)စင်း	Slab Culvert	၄.၀၀၀၀	၂၀၂၄-၂၀၂၅	
၁၂	လမ်းမ(၂)လမ်းဖြတ်ရေမြောင်းဖုံး	RCC Slab	၈.၁၄၈၀	၂၀၂၄-၂၀၂၅	
၁၄	E-Library အတွက် Wi-Fi နှင့်ဆက်စပ်ပစ္စည်း တပ်ဆင်ခြင်း	20mbs	၀.၃၄၆၀	၂၀၂၄-၂၀၂၅	
	ပေါင်း	**(၁၄) ခု**	**၂၅၂.၆၅၄**		
၁	(၂)ထပ်စာသင်ဆောင်	(၉၀'x၃၀')RC(၂)ထပ်ဆောင်	၂၃၁.၀၀၀	၂၀၂၅-၂၀၂၆	
၂	လက်တူးတွင်း ဆိုလာရေထုတ်ပန့် တပ်ဆင် ခြင်း၊ ခြံစည်းရိုး ကာရံခြင်း နှင့် အုတ်ရေလှောင်ကန်တည်ဆောက်ခြင်း	(2 KW)(2HP)၊ (၅၆'x ၆') (၁၂'x ၆'x၅')	၆.၃၀၀	၂၀၂၅-၂၀၂၆	
	ပေါင်း	**(၂) ခု**	**၂၃၇.၃၀၀**		
၁	ရေသန့်စက်တပ်ဆင်ခြင်း	၃၀၀၀ Liter/hr	၈၀.၀၀၀	၂၀၂၆-၂၀၂၇	
	ပေါင်း	**(၁) ခု**	**၈၀.၀၀၀**		
၂	ရေသန့်စက်တွင် 15 KW ဆိုလာတပ်ဆင်ခြင်း လုပ်ငန်း	15 KW	၃၅.၀၀၀	၂၀၂၇-၂၀၂၈	
	ပေါင်း	**(၁) ခု**	**၃၅.၀၀၀**		
	စုစုပေါင်း	**(၁၈) ခု**	**၆၀၅.၂၅၄**		
၂	**သွင်းအားစုနှင့်ငွေကြေးဝန်ဆောင်မှုထောက်ပံ့ကူညီခြင်း**				
၁	မြစိမ်းရောင်ကျေးရွာစီမံကိန်း	(၁) ယူနစ်	၃၀.၀၀၀၀	၂၀၂၄-၂၀၂၅	
	ပေါင်း	**(၁) ခု**	**၃၀.၀၀၀၀**		
	စုစုပေါင်း	**(၁) ခု**	**၃၀.၀၀၀၀**		

၃	**အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့်ကျေးရွာစီးပွားရေးမြင့်မားရေး**				
၁	ရွှေဇဝါယွန်းနည်းပညာ(ရိုးရာ/ခေတ်မီ)ကာလတို မွမ်းမံသင်တန်း	(၁-၁၀-၂၀၂၄)မှ(၁၅-၁၀-၂၀၂၄) ထိ (၁၅) ရက်၊ (၁၅)ဦး	၂.၆၉၅၀	၂၀၂၄-၂၀၂၅	
၂	ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်း ဆောင်ရွက်ခြင်း(RBF)	(၁)ယူနစ်	၃၀.၀၀၀၀	၂၀၂၄-၂၀၂၅	
၃	ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးရေးလုပ်ငန်း	(၁) ကြိမ်	၁.၂၀၀၀	၂၀၂၄-၂၀၂၅	
	ပေါင်း	**(၃) ခု**	**၃၃.၈၉၅၀**		
၁	ခေတ်မီကညစ်ယွန်းနည်းပညာ ကာလတိုမွမ်းမံသင်တန်း	သင်တန်းသား/သူ(၁၅)ဦး၊ (၁၅)ရက်	၂.၅၀၀	၂၀၂၅-၂၀၂၆	
	ပေါင်း	**(၁) ခု**	**၂.၅၀၀၀**		
၁	သားရိုးပန်းကြွယွန်းနည်းပညာ ကာလတိုသင်တန်း	(၁၅)ရက်၊ (၁၅)ဦး	၁.၀၀၀	၂၀၂၆-၂၀၂၇	
	ပေါင်း	**(၁) ခု**	**၁.၀၀၀၀**		
	စုစုပေါင်း	**(၅) ခု**	**၃၇.၃၉၅**		
၄	**အသင်းအဖွဲ့များခိုင်မာအားကောင်းစေခြင်း နှင့်နည်းပညာဖြန့်ဖြူးခြင်း**				
၁	ခရီးသွားကျေးရွာစီမံကိန်း ကျေးရွာကော်မတီဖွဲ့စည်းခြင်း	ဆပ်ကော်မတီ(၅)ခုနှင့် အဖွဲ့(၄)ဖွဲ့		၂၀၂၄-၂၀၂၅	
၂	ဧည့်လမ်းညွှန်၊ဧည့်လမ်းပြ မွမ်းမံသင်တန်း	(၈-၇-၂၀၂၄)မှ(၁၈-၇-၂၀၂၄)ထိ (၁၀) ရက်၊ (၁၅)ဦး	၁.၇၀၇၅	၂၀၂၄-၂၀၂၅	
၃	Home Stay တည်းခိုနိုင်ရန် Hospitality ဆိုင်ရာ သင်တန်း(ဟိုတယ်ဝန်ဆောင်မှုသင်တန်း)	(၄-၁၂-၂၀၂၄)မှ (၅-၁၂-၂၀၂၄)ထိ (၂) ရက်၊ (၁၅)ဦး	၀.၅၉၇၅	၂၀၂၄-၂၀၂၅	
	ပေါင်း	**(၃) ခု**	**၂.၃၀၅၀**		

၁	စာရင်းရေးစာရင်းကိုင်သင်တန်း	(၂)ရက်		၂၀၂၅-၂၀၂၆	
	ပေါင်း	**(၁) ခု**	**၀.၀၀၀၀**		
၁	Food Safety သင်တန်း	(၁၅)ရက်၊ (၁၀)ဦး	၂.၀၀၀	၂၀၂၆-၂၀၂၇	
	ပေါင်း	**(၁) ခု**	**၂.၀၀၀၀**		
၁	အင်္ဂလိပ်စကားပြောသင်တန်း	၂လ၊ (၃၀)ဦး	၃.၀၀၀	၂၀၂၇-၂၀၂၈	
	ပေါင်း	**(၁) ခု**	**၃.၀၀၀၀**		
၁	EM ဘိုကာချီသင်တန်း	(၁)ကြိမ်		၂၀၂၈-၂၀၂၉	
	ပေါင်း	**(၁) ခု**	**၀.၀၀၀၀**		
	စုစုပေါင်း	**(၇) ခု**	**၇.၃၀၅၀**		
၅	**လူမှုကာကွယ်စောင့်ရှောက်ရေး**				
၁	ကျား-မရေးရာအသိပညာပေးဟောပြောခြင်း	(၅၀) ဦး		၂၀၂၄-၂၀၂၅	
၂	သက်ကြီးဘိုးဘွားများ၊(၅)နှစ်အောက် ကလေးများနှင့်ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုအသိပညာပေး ဟောပြောခြင်း			၂၀၂၄-၂၀၂၅	
၃	ပန်းခင်းစီမံချက်ဆောင်ရွက်ခြင်း(နိုင်ငံသားစိစစ်ရေးကဒ် ပြုလုပ်ခြင်း)	(၂၃၃၇) ဦး		၂၀၂၄-၂၀၂၅	
	ပေါင်း	**(၃) ခု**	**၀.၀၀၀၀**		
၁	မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ	(၁)ကြိမ်	-	၂၀၂၅-၂၀၂၆	
၂	မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအကြောင်းဟောပြောပွဲ	(၁)ကြိမ်		၂၀၂၅-၂၀၂၆	

၃	ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း	(၁)ကြိမ်		နှစ်စဉ်	
၄	ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း ဆောင်ရွက်ခြင်း	(၁)ကြိမ်		နှစ်စဉ်	
၅	သန်ချဆေး၊ ဗီတာမင် A၊ Furamic BC(အာဟာရထောက်ပံ့ခြင်း)	-	-	နှစ်စဉ်	
	ပေါင်း	**(၅) ခု**	**၀.၀၀၀၀**		
၁	ရှေ့ဦးသူနာပြုစုနည်းသင်တန်း (Basic Life Support training Heart Saver's Program)	(၁)ကြိမ်	၀.၇၀၀	၂၀၂၆-၂၀၂၇	
၂	ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအသိပညာပေး ဟောပြောပွဲ	(၁)ကြိမ်		၂၀၂၆-၂၀၂၇	
၃	ကျန်းမာရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း	(၁)ကြိမ်		၂၀၂၆-၂၀၂၇	
	ပေါင်း	**(၃) ခု**	**၀.၇၀၀၀**		
၁	ရှေ့ဦးသူနာပြုစုနည်းအသိပညာပေးခြင်း	(၁)ကြိမ်	-	၂၀၂၇-၂၀၂၈	
၂	လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး ဟောပြောပွဲ	(၁)ကြိမ်	၀.၅၀၀၀	၂၀၂၇-၂၀၂၈	
၃	ကျားမရေးရာအသိပညာပေးဆွေးနွေးခြင်း	(၁)ကြိမ်	-	၂၀၂၇-၂၀၂၈	
၄	ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာနှင့်မူခင်းကျဆင်းရေးဆိုင်ရာအသိပညာပေးဆောင်ရွက်ခြင်း	(၁)ကြိမ်	-	၂၀၂၇-၂၀၂၈	
	ပေါင်း	**(၄) ခု**	**၁.၉၀၀၀**		
၁	ကျန်းမာရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း	(၁)ကြိမ်		၂၀၂၈-၂၀၂၉	
၂	သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအကြောင်းဟောပြောပွဲ	(၁)ကြိမ်		၂၀၂၈-၂၀၂၉	

၃	ကူးစက်/မကူးစက်တတ်သောရောဂါများအကြောင်းအသိပညာပေးခြင်း	(၁)ကြိမ်	-	၂၀၂၈-၂၀၂၉	
	ပေါင်း	**(၃) ခု**	**၀.၀၀၀၀**		
	စုစုပေါင်း	**(၁၈) ခု**	**၂.၆၀၀**		
၆	**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**				
၁	စွန့်ပစ်အမှိုက်ကန်ထောက်ပံ့ခြင်း	(၂)လုံး		၂၀၂၄-၂၀၂၅	
၂	ကျေးရွာပိုင်ထင်းစိုက်ခင်းထူထောင်ခြင်း	(၂) ဧက		၂၀၂၅-၂၀၂၆	
၃	ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေး ဟောပြောပွဲနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။	(၁)ကြိမ်		နှစ်စဉ်	
၄	လေထုညစ်ညမ်းမှုလျော့ချရေး၊ သဘာဝပတ်ဝန်း ကျင်နှင့် ဘေးအန္တရာယ်ကာကွယ်ရေး၊ အစိမ်းရောင်ဖွံ့ဖြိုးရေး	(၂)ကြိမ်		နှစ်စဉ်	
၅	ကျေးရွာအတွင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြေသာယာလှပရေးလုပ်ငန်း (Plastic Campaign)	(၁)ကြိမ်		နှစ်စဉ်	
၆	ကျေးရွာအတွင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြေသာယာလှပရေးလုပ်ငန်း (သစ်ပင်စိုက်ခြင်း)	(၁)ကြိမ်		နှစ်စဉ်	
၇	ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း	(၂)ကြိမ်		နှစ်စဉ်	
၈	လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်း	(၂)ကြိမ်		နှစ်စဉ်	
	ပေါင်း	**(၈) ခု**	**၀.၀၀၀၀**		
	၂၀၂၄-၂၀၂၅ မှ ၂၀၂၈-၂၀၂၉ခု ဘဏ္ဍာရေးနှစ်ထိကဏ္ဍ(၆)ရပ်ပေါင်း	**(၅၈) ခု**	**၆၈၂.၅၅၄၀**		

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

၅၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

စံပြကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၏ အခန်းကဏ္ဍ

၅၂။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးဆောင်ကော်မတီများနှင့် ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ (ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမှ ပညာတတ် လူငယ်လူရွယ်များထွက်ပေါ်လာရေး၊ ပညာရေးအရည်အသွေး ကောင်းမွန် တိုးတက်ရေးတို့ကိုတာဝန်ယူ ဆောင်ရွက်စေ၍ ရေကော်မတီက ရေတွင်း၊ ရေကန်ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းမည့်အစီအစဉ်

၅၃။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲ အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း၊ ရေတွင်း၊ ရေကန် ပြုပြင်ထိန်းသိမ်းရေးအတွက် ရေကော်မတီတို့မှ ဆောင်ရွက်မည်ဖြစ်သည်။

နိဂုံး

